ကြက်ခြေနီသတင်းလွှာ

အတွဲ - ၁၊ အမှတ် - ၀၀၁၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၃၁ရက်နေ့

ကြက်ခြေနီအခြေခံမူ ၇ ချက်

လူသားချင်းစာနာထောက်ထားခြင်း
ခွဲခြားမှုမရှိခြင်း
ကြားနေခြင်း
လွတ်လပ်ခြင်း
စေတနာ၃၀နှစ်ထမ်းအကျိုးဆောင်ခြင်း
စည်းလုံးညီညွတ်ခြင်း
ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း

ကျွန်ုပ်တို့၏ မျှော်မှန်းချက်

"ပြည်တွင်းပြည်ပရှိ အန္တရာယ်ကျရောက်လွယ်သူများအတွက် လူမှုကရုဏာ အကူအညီများ ပေးနိုင်သည့် စွမ်းဆောင်ရည်ပြည့်ဝသောအမျိုးသားကြက်ခြေနီအသင်းဖြစ်လာစေရန်"

ဗန်းမော်

ကြိုတင်ပြင်ဆင်ခြင်း

ဖားကန့်

တို့ပြန်ဆောင်ရွက်ခြင်း

မန္တလေး

ပြန်လည်ထူထောင်ခြင်း

ဖားကန့်မြေပြိုမှုသတင်း

၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၂ ရက်နေ့ နံနက်ပိုင်းက ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ဆိပ်မူကျေးရွာအုပ်စု၊ ဝှေခါကျေးရွာတွင် လုပ်ငန်းယာယီ ထိန်းသိမ်းထားသော လုပ်ကွက်အတွင်းသို့ လခွုးချောင်းကျေးရွာဘက်ခြမ်းမှ အမြင့်ပေ ၁၅၀၀ ခန့်ရှိ ကမ်းပါးယံ ပြိုကျမှုဖြစ်ပွားခဲ့ရာ ဇူလိုင် ၃ ရက်နံနက် ၉ နာရီ အချိန်ထိ ရုပ်အလောင်း (၁၆၃) လောင်း နှင့် ထိခိုက်ဒဏ်ရာရရှိသူ (၄၃) ဦး ရှိခဲ့ပါသည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရသူများအား ဖားကန့်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၅၅ ဦး တို့က ရှာဖွေကယ်ဆယ်ခြင်း၊ ရေးဦးပြုစုပေးခြင်း၊ နီးစပ်ရာ ဆေးရုံများသို့ပို့ဆောင်ခြင်း၊နာခေါင်းစည်း၊ ရေနှင့် အစားအသောက် ထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့သလို အသင်းဌာနချုပ်အနေဖြင့် ထိခိုက်ဒဏ်ရာရသူများနှင့် ကျန်ရစ်သူမိသားစုဝင်များအတွက် မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ အထောက်အပံ့ဖြင့် ထိခိုက်ဒဏ်ရာရသူ(၂၇) ဦးအတွက် ကျပ်(၅,၀၀၀) တန် ဖုန်းငွေ ဖြည့်ကဒ်၊ ဒီနန်းမတ်ကြက်ခြေနီအသင်း၏ အထောက်အပံ့ဖြင့် အိမ်ထောင်စု (၁၆၉) စုအတွက် တစ်အိမ်ထောင်လျင် ငွေသား (၁) သိန်းစီတို့ကိုထောက်ပံ့ခဲ့ပြီး မိသားစုပြန်လည်ဆက်သွယ်ပေးရေး ဌာနမှ Hotline ဖုန်းနံပါတ်ထားရှိပြီး သေဆုံးသူများနှင့် ဆေးကုသမှုခံယူသူများစာရင်းကို လက်ခံဖြေဆိုခြင်းများစသည့် လူမှုကရုဏာ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇူလိုင်လ ၃ ရက်နေ့က အရေးပေါ်ယာယီတဲများတွင် စောင့်ဆိုင်းနေသည့် မိသားစုဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များကို နာခေါင်းစည်းများ၊ သောက်ရေသန့်များနှင့် အစားအသောက်များဝေငှခြင်း၊ မြစ်ကြီးနားဆေးရုံရှိ လူနာ(၂)ဦး တို့အားလည်းကောင်း၊ ဇူလိုင်လ ၄ ရက်နေ့က ဖားကန့်ပြည်သူ့ဆေးရုံတွင် လူနာ(၁၄) ဦးနှင့် ဝှေခါကျေးရွာရှိ တိုက်နယ်ဆေးရုံတွင် လူနာ(၁၃)ဦးအားလည်းကောင်း၊ ဇူလိုင်လ ၆ ရက်နေ့က မြစ်ကြီးနားပြည်သူ့ဆေးရုံတွင် လူနာ(၅)ဦးအားလည်းကောင်း၊ ဇူလိုင်လ ၈ ရက်နှင့် ၉ ရက်နေ့များတွင် မဏိရတနာသိဒ္ဓိဘုန်းတော်ကြီးကျောင်းတွင် အသက်ဆုံးရှုံးသွားသူများကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကျန်ရစ်သူမိသားစုဝင် အိမ်ထောင်စုများကို တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း၊ အမျိုးသား တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းနှင့် ငွေသားများကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ အသင်းအနေဖြင့် ထောက်ပံ့ပေးအပ်ခဲ့သည့် အရေအတွက်မှာ ဇူလိုင်လ ၂၈ ရက်နေ့အထိ တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း (၂၀၆) ပုံး၊ အမျိုးသား တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း (၂၀၆) ပုံးနှင့် ငွေသား ၁၆,၉၀၀,၀၀၀ (ငွေကျပ် ၁၆၉ သိန်းတိတိ)တို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆက်လက် ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း ၂၀၆ ပုံး

ဖုန်းဘေလ် ၁၃,၅၀၀ ကျပ်

အမျိုးသားတစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်း ၂၀၆ ပုံး

ငွေသား ၁၆,၉၀၀,၀၀၀ ကျပ်

ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ နိုင်ငံတစ်ဝန်း လှူပ်ရှားဆောင်ရွက်မှုများ

ဇူလိုင်လ ၃ ရက်နေ့က စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ တောကျောင်းကြီးကျေးရွာတွင်မီးဘေးသင့် အိမ်ထောင်စုအား တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း၊ မိသားစုသုံးပစ္စည်းနှင့်ရေပုံးတို့အားထောက်ပံ့ပေးအပ်ခဲ့ပါသည်။
[သတင်း အပြည့်အစုံကြည့်ရန် ယခု Link ကို နှိပ်ပါ။]

ဇူလိုင်လ ၂၂ ရက်နေ့က မွန်ပြည်နယ်၊ ကျိုက္ခမီမြို့တွင် ငါးဖမ်းရေယာဉ်လုပ်သားများအား ရှေးဦးပြုစုခြင်း သင်ခန်းစာများကိုစာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ပါသည်။
[သတင်း အပြည့်အစုံကြည့်ရန် ယခု Link ကို နှိပ်ပါ။]

ဇူလိုင်လ ၂၂ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ သိန်းသန်းချီ ကားကွင်း လမ်းမကြီးအနီးတွင် ဦးခေါင်းပေါက်ပြန့်နှင့် လက်အရိုးကျိုး ဒဏ်ရာရရှိနေသူတစ်ဦးအားရှေးဦးပြုစုပေးခဲ့ပါသည်။ [သတင်း အပြည့်အစုံကြည့်ရန် ယခု Link ကို နှိပ်ပါ။]

ဇူလိုင်လ ၂၁ ရက်က ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မဲ့ကနယ်ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ/သားများအား မိုင်းအန္တရာယ်အသိပညာပေးဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါသည်။ [သတင်း အပြည့်အစုံကြည့်ရန် ယခု Link ကို နှိပ်ပါ။]

ဇူလိုင်လ ၂ ရက်နေ့က ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်ရှိ ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ ခြင်ခို အောင်းနိုင်သောနေရာများအား ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်း၊အဘိတ်ဆေးခပ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။
[သတင်း အပြည့်အစုံကြည့်ရန် ယခု Link ကို နှိပ်ပါ။]

ဇူလိုင်လ ၂၃ ရက်နေ့က ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်တွင် ခြေတုလက်တုပြင်ဆင်ခြင်းအား အခမဲ့ ဆောင်ရွက်ပေးခဲ့ပါသည်။ [သတင်း အပြည့်အစုံကြည့်ရန် ယခု Link ကို နှိပ်ပါ။]

ကချင်ပြည်နယ်၊ ရှားဒွပ်ကျေးရွာရေဘေးသင့်သတင်း

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းပြီး ကချင်ပြည်နယ်၊ မိုးကောင်းချောင်းရေမြင့်တက်မှုဖြစ်ပေါ်ခဲ့ကာ မြစ်ကြီးနား - တနိုင်း ကားလမ်း ရေကျော်တက်မှုကြောင့် ဖားကန့်မြို့နယ်၊ ရှားဒွပ်ကျေးရွာမြေနိမ့်ပိုင်းရှိ အိမ်ထောင်စုပေါင်း (၅၆၃)စု (ထိခိုက်ခံစားရသူ (၂,၅၉၈) ဦး) ခန့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး လူနေအိမ် (၅) လုံး ပျက်စီးခဲ့ပါသည်။

ဖြစ်စဉ်တွင် ဖားကန့်မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာလုပ်အားရှင် (၈) ဦးတို့သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာကုန်းမြင့်ပိုင်းသို့ အရေးပေါ်ရွှေ့ပြောင်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အားပေး ကူညီပေးခြင်း၊ ထိခိုက်ခံစားရသူစာရင်း ကောက်ယူခြင်းများကို ပြုလုပ်ခဲ့ပါသည်။

ၔင်းအပြင် ဇူလိုင်လ ၂၂ ရက်က ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘရန်းဒီး ဦးဆောင်သော ဖားကန့်မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် ကာမိုင်းမြို့နယ် ကြက်ခြေနီအသင်းခွဲငယ်တို့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ရေဘေးသင့်အိမ်ထောင်စု (၃၇၃)စုအား အိမ်ထောင်စုတစ်စုလျှင် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း (တစ်လစာ) (၁) ပုံးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း (တစ်ပတ်စာ) (၁)ပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

တစ်ကိုယ်ရည်သန့်ရှင်းရေး
သုံးပစ္စည်း (တစ်လစာ)

(၃၇၃) ပုံး

တစ်ကိုယ်ရည်သန့်ရှင်းရေး
သုံးပစ္စည်း (တစ်ပတ်စာ)

(၃၇၃) ပုံး

အမရပူရမြို့နယ်၊ ရွှေဂဲရေဆိုးထုတ် ရေတံခါးအနီး တာရိုးကျိုးမှုသတင်း

တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း

၁,၈၂၄ ပုံး

နှာခေါင်းစည်း

၁,၈၂၄ အိတ်



ဆေးစိမ်ခြင်ထောင်

၅၅၁ ခု

၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့က ဖြစ်ပွားခဲ့သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေဂဲရေဆိုးထုတ် ရေတံခါးအနီး တာရိုးကျိုးမှုကြောင့် ရပ်ကွက်နေ ပြည်သူ (၄,၀၀၀) ဦးခန့် ယာယီရေဘေးရှောင်စခန်း (၁၆) ခုသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ ဖြစ်စဉ်တွင် တိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာ ယာယီရေဘေးရှောင်စခန်း (၁၆) ခုအား အရေးပေါ်ရွှေ့ပြောင်းပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက် မှုပေးခြင်း၊ စိတ်ပိုင်း လူမှုပိုင်းဆိုင်ရာ အားပေးကူညီပေးခြင်း၊ ထိခိုက်ခံစားရသူစာရင်းကောက်ယူခြင်းလုပ်ငန်းများ ပြုလုပ်ခဲ့ပါသည်။

ၜင်းအပြင် အသင်းဌာနချုပ်မှပေးပို့သော တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်များနှင့် နှာခေါင်းစည်းများကို မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှ ကော်မတီဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဒေါ်ခင်သီလွင် ဦးဆောင်သော ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ရန်အောင်မြင်စခန်းရှိ အိမ်ထောင်စု (၁၂၈) စု၊ ရှင်တော်ဆပ်သွားစခန်းရှိ အိမ်ထောင်စု(၁၇၀)၊ ဦးလင်းဘုရားစခန်းရှိ အိမ်ထောင်စု (၁၅၁)၊ ကိုယ်ရံတော်ဗလီစခန်းရှိ အိမ်ထောင်စု(၁၅၀)စု၊ သိမ်ကြီးဘုရားစခန်းရှိ အိမ်ထောင်စု(၉၇)စု၊ ဗောတိသံတောင်စခန်းရှိ အိမ်ထောင်စု(၄၃)စု၊ ကျန်တန်းစခန်းရှိ အိမ်ထောင်စု (၃၀၀)စု၊ ဇရပ်(မမ္မရုံ) စခန်းရှိ အိမ်ထောင်စု(၃၇)စု၊ ဇရပ်(ဘုန်းကြီးကျောင်း) စခန်းရှိ အိမ်ထောင်စု(၄၀)စု၊ သံသေကပ်ကျော်စခန်းရှိ အိမ်ထောင်စု(၅၅)စု၊ မိုးကောင်းစခန်းရှိ အိမ်ထောင်စု (၁၉၀)စု၊ ဈေးချို (မူလတန်းကျောင်း)စခန်းရှိ အိမ်ထောင်စု(၅၀)စု၊ မန်းကျဉ်းတောစခန်းရှိ အိမ်ထောင်စု(၁၅၀)စု၊ သက်တော်ရှည်စခန်းရှိ အိမ်ထောင်စု (၆၀) စု၊ အောင်မြေရွှေဘုံစခန်းရှိ အိမ်ထောင်စု(၁၁၈)စု၊ ကျန်တန်းတိုးချဲ့(၂/၃)စခန်းရှိအိမ်ထောင်စု(၈၆)စု အစရှိသည့် ယာယီရေဘေးရှောင်စခန်းများမှ အိမ်ထောင်စုပေါင်း(၁,၈၂၄) စုအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း (တစ်ပတ်စာ)နှင့် နှာခေါင်းစည်း (တစ်ထုတ်)စီ တို့ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ ထို့အပြင် ဆေးစိမ်ခြင်ထောင်များကို ရန်အောင်မြင်စခန်းရှိအိမ်ထောင်စု(၁၂၈)စု၊ ရှင်တော်ဆပ်သွားစခန်းရှိအိမ်ထောင်စု(၁၇၀)စု၊ သံသေကပ်ကျော်စခန်းရှိ အိမ်ထောင်စု(၆၃)စု၊ မိုးကောင်းစခန်းရှိ အိမ်ထောင်စု (၁၉၀)စု အစရှိသည့် ယာယီရေဘေးရှောင်စခန်းမှ အိမ်ထောင်စု (၅၅၁)စု အတွက် ထောက်ပံ့ပေးခဲ့ပါသည်။

နေပြည်တော်

ဇူလိုင်လ ၂၆ ရက်နေ့က နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ အထက (စည်ပင်ကြီး) ကျောင်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးပိုစတာကပ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ [သတင်းအပြည့်အစုံ ကြည့်ရန် ယခု Link ကို နှိပ်ပါ။]

မကွေးတိုင်း

ဇူလိုင်လ ၇ ရက်နေ့က မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊အမှတ်(၁)ရပ်ကွက်တွင်ဆင်ခြေထောက်ရောဂါကာကွယ်ရေးအတွက် လက်ကမ်းစာစောင်များ ဖြန့် ဝေခဲ့ပါသည်။ [သတင်း အပြည့်အစုံကြည့်ရန် ယခု Link ကို နှိပ်ပါ။]

တနင်္သာရီတိုင်း

ဇူလိုင်လ ၁၅ ရက်နေ့က တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်၊သပြေချောင်းကျေးရွာတွင်မီးဘေးသင့်အိမ်ထောင်စု (၂) စုအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းနှင့်မိသားစုသုံးပစ္စည်းတို့ကိုပေးအပ်ခဲ့ပါသည်။ [သတင်းအပြည့်အစုံ ကြည့်ရန် ယခု Link ကို နှိပ်ပါ။]

အသင်းမှ ဆောင်ရွက်လျက်ရှိသည့် လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင်လှုဒါန်းမည်ဆိုပါက -

ဒေါ်မေစန္ဒာမျိုး

ဌာနမှူး၊ အရင်းအမြစ်စုစည်းအသုံးချရေးဌာန။

ဖုန်း - ၀၉ ၄၂၁ ၁၆၉၅ ၈၉

www.facebook.com/info.mrcs www.twitter.com/MyanmarRedCross

ဒေါ်စန်းစန်းမော်

ညွှန်ကြားရေးမှူး

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန

sansanmaw@redcross.org.mm

ဒေါ်ရွှေစင်ကျော်စိုး

ညွှန်ကြားရေးမှူး

လူမှုကရုဏာလုပ်ငန်းဆိုင်ရာပြန်ကြားဆက်သွယ်ရေးဌာန

shwesinkyawsoe@redcross.org.mm

မြန်မာနိုင်ငံကြက်ခြေနီအသင်း (ဌာနချုပ်)

ရာဇသင်္ဘာလမ်းမကြီး၊ ဒဂ္ဂိုဏာသီရိမြို့၊ နေပြည်တော်။

ဖုန်း +၉၅ ၆၇ ၃၄၁၀၄၁၊ ၃၄၁၀၄၆

ရန်ကုန်ရုံးခွဲ

အမှတ် (၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း + ၉၅ ၁ ၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀

https://www.redcross.org.mm/my_MM/

ကျေးဇူးတင်ခြင်း - မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကို မြို့နယ်ကြက်ခြေနီအသင်းခွဲများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု မိတ်ဖက်အသင်းများ၊ ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာမှ အလှူရှင်များသာမက၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍရှိ မိတ်ဖက်များ၊ တစ်သီးပုဂ္ဂလများ စသည်တို့မှ ပံ့ပိုးကူညီပေးခြင်း ဖြစ်သည်။